
Translator-Akkhara Team
နတ်ဆိုးများကို ဒူးထောက်စေသူ
အခန်း-၁၀

နတ်ဆိုးများကို ဒူးထောက်စေသူ
အခန်း (၉၁) လုမိသားစု၏ ဆက်ခံသူ
*

ခန်းမဆောင်အတွင်းရှိ လုမိသားစုဝင်များအားလုံး ဝင်ရောက်လာသော လူငယ်လေးကို စူးစိုက်ကြည့်နေကြသည်။ သူက မယုံနိုင်လောက်အောင် ခန့်ညားလွန်းသည်။ ထူးကဲမွန်မြတ်သော အငွေ့အသက်များက သူတို့ထံမှ စီးဆင်းနေသည်။

လျှောက်လှမ်းလာတိုင်း သူ၏ ကုတ်အင်္ကျီရှည်ကြီးက လေထဲတွင် ဝှေ့ယမ်းနေသည်။ အစမှ အဆုံးတိုင်အောင် သူက တည်ငြိမ်နေဆဲပင်။ သူ၏ အကြည့်များက နက်နဲကာ စူးရှလွန်းလှသည်။ သူက အလွန်ငယ်ရွယ်ပုံပေါ်သော်လည်း သူ၏အသက်အရွယ်နှင့် မလိုက်ဖက်အောင်ပင် တည်ငြိမ်ရင့်ကျက်မှုတို့ကို ပိုင်ဆိုင်ထားလေသည်။ လူအုပ်ကြီးကြားမှ တီးတိုးရေရွတ်သံများ ထွက်ပေါ်လာသည်။

"သူလား..."

"ငါထင်ထားတာထက်တောင် ပိုပြီး ခန့်ညားနေပါလား"

"သူ့ဟန်ပန်ကို ကြည့်ရတာ အမှန်ပင် ရှားပါးတဲ့ အငွေ့အသက်မျိုးပဲ"

လော့ချန်ဝေက လုချန်၏ နောက်မှ လိုက်ပါလာသည်။ လုယွမ်နှင့် ဆုန့်ယွဲတို့ကလည်း အနောက်

မှ ကပ်လျက် ပါလာကြသည်။ ရှန်စီကမူ သူမ၏ သမီးအငယ်ဆုံးလေးနှင့်အတူ အနောက်ဆုံးမှ တိတ်ဆိတ်စွာ လျှောက်လှမ်းလာခဲ့သည်။ သူမ၏ တည်ငြိမ်သော မျက်နှာထားက စိုးရိမ်ပူပန်မှုများကို ဖုံးကွယ်မထားနိုင်ပေ။ လော့ချန်ယင်းက မိခင်ဖြစ်သူ၏ အင်္ကျီလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူမ၏ အကြည့်များက ဂနာမငြိမ်ဖြစ်နေပြီး ဘယ်နေရာကို ကြည့်ရမည်မှန်း မသိဖြစ်နေရှာသည်။

လုချန်က သူတို့၏ သက်သောင့်သက်သာ မဖြစ်မှုကို သတိပြုမိသွားသည်။ သူ၏ ခြေလှမ်းများကို ခေတ္တရပ်တန့်လိုက်ပြီး အနောက်သို့ လှည့်လိုက်သည်။ ထို့နောက် လော့ချန်ဝေထံသို့ သူ၏လက်ကို တိတ်ဆိတ်စွာ ကမ်းပေးလိုက်သည်။ စိုးရိမ်ထိတ်လန့်နေသော မိန်းကလေးမှာ အနည်းငယ်လန့်သွားခဲ့သည်။ ထို့နောက် သူမ၏ လက်

ကလေးကို သူ၏ လက်ဝါးပြင်ပေါ်သို့ ညင်သာစွာ တင်လိုက်သည်။

ထိုစက္ကန့်လေးမှာပင် ကျယ်ပြန့်နွေးထွေးလှသော ရင်ခွင်ကြီးတစ်ခုထဲသို့ ဝင်ရောက်သွားရသကဲ့သို့ သူမ ခံစားလိုက်ရသည်။ လုံးဝကိုဘေးကင်းလုံခြုံသွားသလိုမျိုးပင်။ ဤလောကရှိမည်သည့်အရာကမျှ သူမကို ခြောက်လှန့်နိုင်တော့မည် မဟုတ်ဟု ထင်မှတ်ရသည်။ ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ဘေးတွင်ရပ်နေသည့် လုယွမ်မှာ ဝမ်းနည်းသလိုလို ခံစားလိုက်ရသည်။

"သားရေ... မင်းအဖေလည်း ရင်တုန်နေတာပဲလေ... တကယ်တော့ ဒီမှာရှိတဲ့လူတွေထဲမှာ ငါက အကြောက်ဆုံးလူ ဖြစ်နေလောက်ပြီ... ဘာလို့ ငါ့ကိုကျတော့ လာမနှစ်သိမ့်ပေးရတာလဲ..."

ထိုစဉ်မှာပင် နူးညံ့နွေးထွေးသော လက်သေး

သေးလေးတစ်ဖက်က သူ၏ လက်ကြီးကို ဘေးမှ နေ၍ လာရောက်ဆုပ်ကိုင်လာသည်။ သူက ခေါင်းလှည့်ကြည့်လိုက်မိသည်။ ထို့နောက် သူက မပြုံးဘဲ မနေနိုင်တော့ပေ။ ထို့နောက် သူတို့ အားလုံး ခန်းမဆောင်၏ အလယ်ဗဟိုသို့ အတူတကွ သွားရောက်ခဲ့ကြသည်။ အသက်အရွယ်ကြီးရင့်သော လူကြီးမင်းများက တစ်တန်းတည်း ထိုင်လျက်ရှိနေကြပြီ ဖြစ်သည်။ မျိုးဆက်သစ် လူငယ်များကမူ တစ်ဖက်တစ်ချက်စီတွင် အတန်းလိုက် ရပ်နေကြသည်။

ထိုအချိန်မှာပင် လူငယ်များကြားထဲမှ ရပ်နေသော ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။ ဆွေမျိုးများက တစ်ယောက်ပြီးတစ်ယောက် ရှေ့သို့ ထွက်လာကြသည်။ သူက အရပ်ရှည်ရှည် ပခုံးကျယ်ကျယ်နှင့် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူငယ်တစ်ဦးဖြစ်သည်။ အဆင့်F

ပဉ္စမအလွှာ စစ်သည်တော် တစ်ဦးပင်။ သူက လုချန့်ထံသို့ ရင်းနှီးစွာ လက်ကမ်းပေးလာသည်။ ထို့နောက် ညင်သာသော အသံဖြင့် သူ့ကိုယ်သူ မိတ်ဆက်လေသည်။

"ညီလေးလုချန်... အစ်ကိုက မင်းရဲ့ ဦးလေးလုကျန့်ရဲ့သား လုကွာကွာပါ"

"မင်းရဲ့ စွမ်းဆောင်ရည်တွေအကြောင်း မိသားစုဝင်တွေ ပြောတာကို အစ်ကို ပထမဆုံး ကြားရတုန်းက ချဲ့ကားပြောနေကြတာလို့ပဲ ထင်ခဲ့တာ..."

"ဒါပေမဲ့ အခု လူချင်းတွေ့ရတဲ့အခါကျတော့... ရိုးရိုးသားသား ပြောရရင် သူတို့တွေက မင်းရဲ့ ထူးချွန်ပြောင်မြောက်မှုကို သေချာတောင် မဖော်ပြနိုင်ခဲ့ဘူးလို့ ထင်မိတယ်"

လုချန်က ပြုံးယောင်ယောင်လေးဖြင့် တုံ့ပြန်လိုက်သည်။ "ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါ

တယ်"

လုကွာကွာ၏ အနောက်တွင်တော့ သူ၏ညီမဖြစ်သူ လုရွှမ်းရွှမ်း ရှိနေသည်။ သူမက ပန်းရောင်ဖျော့ဖျော့ ဂါဝန်လေးကို ဝတ်ဆင်ထားပြီး တည်ငြိမ်ကာ ကျက်သရေရှိလှသည်။ အစ်ကိုဖြစ်သူက ရှေ့သို့ထွက်သွားသည်ကို မြင်သောအခါ သူမက ရှက်သွေးဖြာစွာဖြင့် ခေါင်းလေးငုံ့ထားသည်။ အသံလေးက နူးညံ့နေသည်။

"အိမ်ပြန်ရောက်တာ ကြိုဆိုပါတယ် အစ်ကိုလုချန်"

ထို့နောက် ချက်ချင်းဆိုသလိုပင် လူငယ်မျိုးဆက်များက တစ်ယောက်ပြီးတစ်ယောက် ရှေ့ထွက်ကာ နှုတ်ဆက်ကြလေသည်။ လုမင်မင်၊ လုရှောက်ဖျင်၊ လုရှောက်အန်း၊ လုလီနာ...။

ထိုအထဲတွင် အငယ်ဆုံးဖြစ်သော လုလီနာက တောက်ပသော မျက်လုံးဝိုင်းကြီးများဖြင့် လုချန်

ကို အပေါ်အောက် အကဲခတ်နေသည်။ သူမ၏ မျက်လုံးများထဲတွင် ဖုံးကွယ်၍မရနိုင်သော စူးစမ်းချင်စိတ်များ ပြည့်နှက်နေသည်။ နောက်ဆုံးတွင် သူမ ရှေ့သို့ ထွက်လာခဲ့သည်။ သူမ၏ အင်္ကျီစလေးကို စိုးရိမ်တကြီး ဆုပ်ကိုင်ထားရင်း သတ္တိမွေးကာ ပြောလိုက်သည်။

"ကိုကိုလုချန်… ညီမလေး ကိုကို့လက်ကို ကိုင်ကြည့်လို့ ရမလား"

လုချန်က သူမ၏ ချစ်စရာကောင်းသော အမူအရာလေးကို ကြည့်လိုက်သည်။ သူ၏ မျက်နှာပေါ်တွင် နွေးထွေးသော အပြုံးတစ်ခုက အလိုလို ပေါ်လာခဲ့သည်။

"ရတာပေါ့"

ထို့နောက် သူက လက်ကို ဆန့်ထုတ်ပေးလိုက်သည်။ တစ်ဖက်လူက သတိထားကာ သူမ၏ လက်လေးကို ကမ်းပေးလာသည်။ သူမက သူ၏

လက်ကို ဆုပ်ကိုင်လိုက်သည်။ ထိုခဏမှာပင် သူမ၏ မျက်နှာတစ်ခုလုံး လင်းလက်သွားပြီး မျက်လုံးများက တောက်ပသွားခဲ့သည်။ သူမ၏ အသည်းစွဲ အိုင်ဒေါကို တွေ့လိုက်ရသကဲ့သို့ပင်။ မျက်နှာငယ်လေးပေါ်တွင် စိတ်လှုပ်ရှားမှုများ အထင်းသား ပေါ်လွင်နေခဲ့သည်။

လုချန်က ခေါင်းလှည့်ကြည့်လိုက်သည်။ ထိုနေရာတွင် လုယွမ်က သူ၏ ညီအစ်ကိုနှစ်ယောက်ဖြစ်သော လုကျန့် နှင့် လုဖူတို့ကို ဖက်တွယ်ထားသည်ကို တွေ့လိုက်ရသည်။ အစ်ကိုကြီးဖြစ်သူက သူ၏ ကျောကို ပုတ်ပေးနေပြီး လွန်ခဲ့သော နှစ်များစွာအတွင်းက အတွေ့အကြုံများကို မေးမြန်းနေသည်။ ဘေးတွင်ရပ်နေသော လုဖူကတော့ သက်ပြင်းကို ထပ်တလဲလဲ ချနေလေသည်။

"ဒုတိယအစ်ကို... ဒီလောက်နှစ်တွေ အကြာ

ကြီး ကုန်ဆုံးသွားတာတောင် အစ်ကိုက ဘာလို့ ကျွန်တော့်ထက် ပိုနုနေရတာလဲ... ဘာတွေများ ရှားပါးပြီး အဖိုးတန်တဲ့ ဆေးမြစ်တွေ စားထားလို့လဲ ဒါမှမဟုတ် နည်းပညာအသစ်တစ်ခုခုများ ရှာတွေ့ထားလို့လား"

လုကျန့်ကလည်း ဝင်ရောက်ဆွေးနွေးလာသည်။

"မရီးဆိုရင်လည်း Time Capsule ထဲကနေ ထွက်လာတဲ့အတိုင်းပဲ... နည်းနည်းလေးမှ မပြောင်းလဲသွားဘူး... ပိုတောင် နုပျိုလာသေးတယ်... ဒါက ယုတ္တိကို မရှိတာဗျာ"

လုယွမ်က ပြုံးရုံသာ ပြုံးနေပြီး ခေါင်းခါမ်းပြလိုက်သည်။ "ဒါက လျှို့ဝှက်ချက်ပဲ"

"ကောင်းပြီလေ" လုဖူက ညည်းတွားလိုက်သည်။ "အစ်ကိုက သတင်းကောင်းတွေကို ကျွန်တော်တို့ဆီကနေ ဖုံးကွယ်ထားချင်တာ

မဟုတ်လား"

တစ်ချိန်တည်းမှာပင် ရှန်စီက အခြားဆွေမျိုးအမျိုးသမီးများကို ဘေးသို့ခေါ်ကာ စကားစမြည်ပြောဆိုနေသည်။ သူတို့က ရင်းနှီးဖော်ရွေကြသည်။ မည်သည့်အချိန်က ရောက်လာသနည်း။ ခရီးပန်းလာသလား စသည်ဖြင့် ဖော်ရွေစွာမေးမြန်းနေကြသည်။ သမီးဖြစ်သူများကလည်း သေချာစွာ နားထောင်နေကြသည်။ တဖြည်းဖြည်းနှင့် ရှန်စီ၏ မျက်လုံးထဲမှ စိုးရိမ်ပူပန်မှုများက လျော့ကျသွားခဲ့လေသည်။ လုချန်က သူ၏ ဝမ်းကွဲမောင်နှမများဘက်သို့ လှည့်ကြည့်လိုက်သည်။

"အစ်ကိုကွာကွာ" သူက တိုးညင်းစွာ ပြောလိုက်သည်။ "အားတဲ့အခါ ကျွန်တော့်ကို A1 အခြေစိုက်မြို့တော်ထဲ လိုက်ပို့ပေးပါဦး... တခြားအခြေစိုက်မြို့တော်တွေနဲ့ ဘယ်လို ကွာခြားသလဲ

ဆိုတာကို သိချင်လို့ပါ"

ထိုစကားကို ကြားသောအခါ လုကွာကွာ၏ မျက်လုံးများက အရောင်လက်သွားသည်။ သူက အနည်းငယ် စိတ်လှုပ်ရှားစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

သို့သော် သူ စကားတစ်ခွန်းမျှပင် မဟရသေးခင်မှာပင် ဘေးတွင်ရပ်နေသော လုလီနာက ဝင်ပြောလိုက်သည်။ "ကိုကိုလုချန်... ညီမလေး လိုက်ပို့ပေးမယ်လေ ကျွန်မအစ်ကိုက အရမ်းပျင်းစရာကောင်းတာ... ပျော်စရာကောင်းတဲ့ နေရာတွေ ဘယ်မှာရှိလဲဆိုတာ သူ တစ်ခုမှ မသိဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ လုကွာကွာ၏ မျက်နှာ ညိုမည်းသွားသည်။ သူက လုလီနာ၏ နဖူးကို ခပ်နာနာလေး တစ်ချက် တောက်လိုက်ခြင်းဖြင့် အစ်ကိုတစ်ယောက်၏ မေတ္တာကို

ဖော်ပြလိုက်သည်။

"ဘိုးဘေးကြီး"

လုလီနာက သူမ၏ နဖူးကို ချက်ချင်းအုပ်ကာ အော်ဟစ်လိုက်သည်။ အကူအညီတောင်းသည့် အကြည့်ဖြင့် လုဟုန်တောက်ထံသို့ လှမ်းကြည့်လိုက်သည်။ "အစ်ကိုကြီး ကျွန်မကို ထပ်ပြီး အနိုင်ကျင့်နေပြန်ပြီ"

လုဟုန်တောက်က သက်ပြင်းတစ်ချက်ချလိုက်သည်။ သူ၏ မျက်နှာပေါ်တွင် အပြုံးလေးတစ်ခု ပေါ်လာသည်။ လုမိသားစုတွင် မျိုးဆက်များစွာ ရှိသော်လည်း မိသားစု၏ အငွေ့အသက်က အလွန် ပေါ့ပါးလွတ်လပ်လှသည်။ သူက လုချန်ထံသို့ လှည့်ကြည့်လိုက်သည်။

ထို့နောက် လေးနက်သော အသံဖြင့် ပြောလိုက်သည်။ "မနက်ဖြန်ကျရင်..."

အဘိုးအိုက စကားစလိုက်သည်။ လူတိုင်းက

ပါးစပ်ပိတ်သွားကြပြီး နားစွင့်လိုက်ကြသည်။

"ငါတို့ လူမိသားစုက လူချန်ကို ကြိုဆိုတဲ့အနေနဲ့ ခမ်းနားကြီးကျယ်တဲ့ ညှော်ခံပွဲကြီး တစ်ခု ကျင်းပမယ်"

"အဲဒီအချိန်ကျရင် မိသားစု မိတ်ဆွေတွေရော၊ ပြိုင်ဘက်တွေကိုပါ အတူတကွ ဖိတ်ကြားမယ်..."

"ဒီအချိန်အခါသမယကို တစ်ကမ္ဘာလုံးက မျက်မြင်သက်သေဖြစ်အောင် စောင့်ကြည့်ကြပါစေ"

သူက စကားကို ခေတ္တရပ်တန့်လိုက်သည်။ သူ၏ အိုမင်းရင့်ရော်နေသော အကြည့်များက မျက်နှာတစ်ခုချင်းစီကို အကဲခတ်ဖြတ်သန်းသွားသည်။ ထို့နောက် ဖြည်းညင်းစွာ ဆက်ပြောလိုက်သည်။

"လူချန်က... ငါတို့ လူမိသားစုရဲ့ နောက်ထပ်

ဆက်ခံသူ ဖြစ်လာလိမ့်မယ်"

***